မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

January 26 , 2026 Volume 98, Number 17

| ၂၆. ၁. .၂၀၂၆ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၈၆.၀၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၅၃.၇၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၆၅.၁၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၁.၃၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၀.၈၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၉၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၇၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၂၈.၄၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၇.၅၂ ကျပ် |

## CONTACT US


ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## တစ်ပတ်အတွင်း သီးနှံဈေးကွက် သုံးသပ်ချက်

## ( ၁၉. ၁.၂၀၂၆ မှ ၂၃. ၁. ၂၀၂၆ ရက်အတွင်း)




ပို့ကုန်ပဲတွေ ဖြစ်တဲ့ မတ်ပဲနဲ့ပဲစင်းငုံနီက ဈေးကွက်ဆက်တိုက်မြင့်တက်လာပြီး ပဲပုပ်နဲ့ ကြက်သွန်နီ ကဈေးကျပါတယ်။ ပြောင်းကတော့ ဈေးငြိမ်နေဆဲ ဖြစ်ပါတယ်။

**မတ်ပဲ**

မတ်ပဲကတော့ ယခုတစ်ပတ်မှာလည်းတစ်တန်ကို ၉၀,၀၀၀လောက် ထပ်တက်လာပတယ်။ပြည်တွင်းမတ်ပဲ ဈေးတက်လာသလို FOB ဈေးကလည်း တစ်တန်ကို အမေရိကန်ဒေါ်လာ ၇၄၀ မှ ၇၅၀ ရှိပြီး ၅ ဒေါ်လာလောက် ပြန်တက်လာပါတယ်။ ပြည်တွင်းမှာ မတ်ပဲအသစ်တွေ ဈေးကွက်ထဲဝင်ရောက်မှုနည်းပြီး ပြည်ပကဝယ်လိုအားရှိနေတဲ့အတွက် ဈေးကွက်ဆက်တိုက်မြင့်လာတာ ဖြစ်ပါတယ်။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ တနင်္လာနေ့မှာ ၂,၇၆၃,၀၀၀ ၊ အင်္ဂါနေ့မှာ ၂,၈၀၀,၀၀၀ ၊ ဗုဒ္ဓဟူးနေ့မှာ ၂,၈၇၃,၀၀၀ ကျပ် ၊ ကြာသပတေးနေ့မှာ ၂,၈၇၅,၀၀၀ ကျပ်နဲ့ သောကြာနေ့ မှာ ၂,၈၆၀,၀၀၀ ကျပ် ဈေးရှိခဲ့ပါတယ်။

အရင်အပတ်က မတ်ပဲ FAQ တစ်တန်ကို ၂,၇၁၉,၀၀၀ မှ အမြင့်ဆုံး ၂,၇၈၅,၀၀၀ ကျပ်အထိရှိခဲ့ပါတယ်။

**ပဲစင်းငုံ**

ပဲစင်းငုံနီကလည်း အခုတစ်ပတ်မှာ ဈေးထပ်တက်လာပါတယ်။ တစ်တန်ကို ၁ သိန်းကျော်လောက် ထပ်မံမြင့်တက်လာတာပါ ။ ပဲစင်းငုံနီကလည်း လက်ရှိမှာ ဈေးကွက်ထဲကို ကုန်ပစ္စည်း အဝင်နည်းပြီး ဝယ်လိုအားရှိနေတဲ့အတွက် ဈေးတက်လာတာဖြစ်ပါတယ်။ ပြည်တွင်း ပဲစင်းငုံနီဈေး တက်လာသလို ပြည်ပ FOB ဈေးကလည်း အမေရိကန်ဒေါ်လာ ၇၄၀ မှ ၇၅၀ အတွင်းအထိ ရှိလာပါတယ်။ နယ်ပဲဈေးကွက်လည်း ဆက်တိုက်တက်လာပြီး အရောင်းအဝယ်သွက်နေတယ်လို့ သိရပါတယ် ။

ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်မှာ ပဲစင်းငုံနီ (2026 crop) ကတစ်တန်ကို တနင်္လာနေ့ကနေ သောကြာနေ့အတွင်း ၂,၈၇၂,၀၀၀ ကျပ်မှ ၃,၀၂၅,၀၀၀ ကျပ်အထိ ရှိခဲ့ပါတယ်။ ပဲစင်းငုံနီ( 2025 crop) က တစ်တန်ကို ၂,၇၇၀,၀၀၀ ကျပ်မှ ၂,၉၁၀,၀၀၀ ကျပ် ဈေးရှိပါတယ်။

အရင်အပတ်မှာတုန်းက တနင်္လာနေ့ကနေ သောကြာနေ့အတွင်း ပဲစင်းငုံနီ ( 2025 crop) တစ်တန်ကို ၂,၆၅၅,၀၀၀ မှ ၂,၇၈၅,၀၀၀ ကျပ် ရှိခဲ့ပြီး ပဲစင်းငုံနီ ( 2026 crop)က ၂,၇၆၇,၀၀၀ ကျပ်မှ ၂,၈၈၂,၀၀၀ ရှိခဲ့ပါတယ်။

**ပဲပုပ်**

ပဲပုပ်ကတော့အခုတစ်ပတ်မှာ ဈေးကျသွားပါတယ်။ ပဲပုပ်အမျိုးအစားအားလုံး ဈေးကျဆင်းနေတာဖြစ်တယ်လို့သိရပါတယ်။ လုပ်ငန်းသုံးသမားနဲ့ ဆီစက်တွေကတော့ အဝယ်အေးတဲ့ အခြေအနေကြောင့် ဈေးကျတာဖြစ်နိုင်တယ်လို့ သိရပါတယ်။

မန္တလေး ကုန်စည်ဒိုင်မှာ ပဲပုပ် ဗမာက ၃၁၀,၀၀၀ ကျပ်ရှိပြီး ပဲပုပ်( ရှမ်း) က ၃၃၅,၀၀၀ မှ ၃၄၅,၀၀၀ ကျပ်သာ ရှိပါ တယ်။ အရင်တစ်ပတ်တုန်းက ပဲပုပ် ဗမာက ၅၃ ဒသမ ၂၅ ပိဿာတစ်အိတ်ကို ၃၂၅,၀၀၀ မှ ၃၃၀,၀၀၀ ကျပ်ရှိပြီး ပဲပုပ်( ရှမ်း) က ၃၅၀,၀၀၀ မှ ၃၆၀,၀၀၀ ကျပ်ရှိခဲ့ပါတယ်။

**ပြောင်း**

ပြောင်းဆန်ကတော့ ဝယ်လိုအားရှိနေပေမဲ့လည်း ဈေးတန်းက ငြိမ်နေဆဲဖြစ်ပါတယ်။ မကြာခင်မှာ ထိုင်းနိုင်ငံကို ပြောင်းဆန် အခွန်ကင်းလွတ်ခွင့်နဲ့ တင်ပို့တော့မှာ ဖြစ်တဲ့အတွက် ပြောင်းဆန် ကအရောင်းအဝယ်ကောင်းနေတာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၁ရက်မှာ ထိုင်းကိုအခွန်ကင်းလွတ်ခွင့်နဲ့ စတင်တင်ပို့မှာဖြစ်ပါတယ်။ အခွန်ကင်းလွတ်ခွင့်စတာနဲ့ ဈေးကွက်ပြန်ပြီး မြင့်တက်လာနိုင်တယ်လို့ သိရပါတယ်။

လက်ရှိ ရန်ကုန်ဘုရင့်နောင်မှာ ပြောင်းတစ်ပိဿာကို ၁၄၃၀ မှ ၁၄၅၀ ကျပ်ရှိပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ ယခုတစ်ပတ်မှာ ကြက်သွန်အမျိုးအစားအလိုက် တစ်ပိဿာကို ၁၀၀ ကျပ်မှ ၄၀၀ လောက် ဈေးပြန်ကျတာတွေ့ရပါတယ်။ ကြက်သွန်ကို ပြည်ပတင်ပို့မှုရှိပေမဲ့လည်း ရန်ကုန်ကို ကြက်သွန်ကားဝင်ရောက်မှုများတဲ့အတွက် ခုရက်ပိုင်းမှာ ဈေးနှုန်း ကျရိပ်ပြတာ ဖြစ်တယ်လို့ သိရပါတယ် ။

ရန်ကုန်ဘုရင့်နောင် ကုန်စည်ဒိုင်မှာ ဆိပ်ဖြူကြက်သွန်က ၁၄၀၀ မှ ၂၈၀၀ ကျပ် ဈေးဖွင့်ထားပါတယ် ။ မြင်းခြံ ကြက်သွန်ကိုတော့ ၁၆၅၀ ကျပ် မှ ၂၈၀၀ ကျပ် ၊ တောင်းတွင်းကြီးကြက်သွန် က ၁၂၀၀ မှ ၂၈၀၀ ကျပ်နဲ့ မြစ်သား ကြက်သွန်က ၂၀၀၀ မှ ၃၅၀၀ ကျပ်သာ ဈေးဖွင့်ထားတာ တွေ့ရပါတယ်။

**Source :** https://htwettoe.com/

## စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်တွင် နေကြာသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်အတွင်းရှိ ကျေးရွာများတွင် နှမ်း၊ မြေပဲ၊ နေကြာ၊ ဝါ၊ ဆန်စပါး၊ ကြက်သွန်နီနှင့် ပဲမျိုးစုံသီးနှံတို့ကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ကနီမြို့နယ်တွင် နေကြာသီးနှံ စိုက်ဧက ၁၀ ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

နေကြာသီးနှံကို ဩဂုတ်လတွင် စိုက်ပျိုးပြီး နိုဝင်ဘာလတွင် စတင်ရိတ်သိမ်းကြကြောင်း၊မျိုးစေ့အနေဖြင့် ဆင်းရွှေကြာ-၁မျိုးနှင့် ဆင်းရွှေကြာ-၂မျိုးများကို စိုက်ပျိုးကြကြောင်း၊ နေကြာသီးနှံကို သီးသန့် စိုက်ပျိုး

မှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ ၈ ပြည်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် နေကြာမျိုးစေ့၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၄ သိန်းခန့် ကုန်ကျကြောင်း၊ နေကြာသီးနှံ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၂၀-၂၅ တင်းခန့် ထွက်ရှိပြီး စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်း အောင်မြင်မှု အပေါ်မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် နေကြာသီးနှံ ပေါ်စအချိန်တွင် နေကြာတစ်တင်းလျှင် ငွေကျပ် ၇၀,၀၀၀-၇၅,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ဧကလျှင် အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၀ သိန်းကျော်ခန့် ရရှိကြောင်း သိရသည်။

ယခု ဇန်နဝါရီလတတိယပတ်တွင် နေကြာတစ်တင်းလျှင် ငွေကျပ် ၅၈,၅၀၀ နှင့် နေကြာဆီတစ်ပိဿာလျှင် ငွေကျပ် ၁၉,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဈေးကွက်အနေဖြင့် မုံရွာမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ နေကြာ သီးနှံသည် စိုက်ပျိုးမှုကုန်ကျစရိတ်သက်သာပြီး အကျိုး အမြတ်ရရှိသည့် သီးနှံဖြစ်သောကြောင့် နှစ်စဉ် စိုက်ပျိုးလျက်ရှိရာ ယခုအချိန်တွင်နေကြာသီးနှံများမှာ အဖူးအပွင့်များဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**Source : DOCA(စစ်ကိုင်း)**

## ကွမ်းရွက်တစ်ပိဿာ ကျပ်ခြောက်သောင်းအထိ ဈေးမြင့်တက်




ရန်ကုန်မြို့ ကွမ်းလက်လီဈေးကွက်အတွင်း ကွမ်းရွက်တစ်ပိဿာလျှင် ကျပ်ခြောက်သောင်းအထိ ဈေးမြင့်တက်နေပြီး ငါးနှစ်အတွင်း ဆယ်ဆနီးပါးဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း ကွမ်းရွက်ရောင်းဝယ်သူများနှင့် ကွမ်းယာဆိုင်ရှင်များက ပြောပါတယ်။

ယခုရက်ပိုင်းအတွင်း ကွမ်းယာကွမ်းတစ်ပိဿာလျှင် ကျပ်ခြောက်သောင်း၊ ကွမ်းရွက်အသေးတစ်ပိဿာလျှင် ကျပ်လေးသောင်းခွဲဖြင့် ဝယ်ယူနေရပြီး မိတ်မပျက်အောင် ထိန်းရောင်းနေရတယ်လို့ အင်းစိန်မြို့နယ်အတွင်း ကွမ်းယာဆိုင်ဖွင့်ထားသူက ပြောပါတယ်။

"အကုန်ဈေးတက်တာ၊ ကွမ်းရွက်ကတော့ အဆိုးဆုံးပေါ့၊ မိတ်မပျက်အောင်ထိန်းရောင်းနေရတယ်။ ကွမ်းယာလို့ ကောင်းတဲ့ ယာကွမ်းပေါ့။ အဲဒါက ခြောက်သောင်းဖြစ်သွားတော့ မကိုင်နိုင်ဘူး။ အခုကွမ်းသေးပဲကိုင်ရောင်းတယ်။ အဲဒါက လေးသောင်းခွဲ၊ အခုကွမ်းယာကို တစ်ထောင်ဖိုး ခြောက်ယာပဲပေးနိုင်တယ်။ ဆေးများရင်လေးယာ ပေးတယ်။ နိုင်ငံခြားကသွင်းတဲ့ဆေးကလည်း နှစ်ဆခွဲလောက်တက်တယ်။ အဲဒီလိုပဲ မတတ်နိုင်ဘူး အခုရောင်းနေတာ ဖောက်သည်မပျက်ရေးပဲ။ အမြတ်က နည်းတာပေါ့"လို့ ၎င်းကဆိုပါတယ်။

ရန်ကုန်ဈေးကွက်အတွင်းသို့ ကွမ်းရွက်များမှာ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်၊ ညောင်တုန်း၊ ဓနုဖြူ၊ မအူပင်နှင့် ကျောင်းကုန်းမြို့နယ်များမှ အများဆုံးဝင်ရောက်နေခြင်းဖြစ်ပြီး အဆိုပါဒေသများတွင်လည်း ကွမ်းရွက်ခြံတိုက်ရိုက်ဝယ်ဈေးမှာ ယာကွမ်းတစ်ပိဿာ ကျပ် ၄၃,၀၀၀ ဝန်းကျင်နှင့် ရွက်သေးကွမ်းတစ်ပိဿာ ကျပ် ၃၈,၀၀၀ ဝန်းကျင်ရှိနေကြောင်းသိရပြီး နေရာဒေသပေါ်မူတည်ပြီး ဈေးကွာခြားမှုရှိပါတယ်။

"အဓိကတော့ ကွမ်းစိုက်ဖို့ကလည်း အကုန်ဈေးတက်နေတာလေ၊ ဒီကာလ ပိုးကျတာလည်းများတော့အထွက် နည်းသွားတာလည်း ပါတာပေါ့။ အခုက ကွမ်းစိုက်မယ်ဆို ကွမ်းခြံတိုင်တစ်တိုင်ကို ၃၂၀ ကျပ်၊ အုန်းလက်တစ်လက် သုံးရာ၊ ကွမ်းညွှန့်တစ်ညွှန့်ကို သုံးရာအဲလိုတွေ ဈေးတက်နေတာ။ မြေနေရာနဲ့ မြေသြဇာဖိုးတွေ၊ ရေလောင်းဖို့ စက်သုံးဆီဈေးနှုန်းနဲ့ ဒီဘက်မှာ ဒေသအလိုက်စိုက်ပျိုးတဲ့ပုံစံဆိုတော့ သဘာဝမြေသြဇာ ကွမ်းမြစ်ဖုံးတဲ့ အရွက်တွေကအစ ဈေးကြီးတော့ ဈေးက ဒီလိုဖြစ်သွားတာ၊ အဆင့်ဆင့်ဝယ်ရင်း၊ရောင်းရင်းနဲ့ စားသုံးသူဆီ ရောက်တော့ ပိုဈေးတက်သွားတာပေါ့"လို့ မအူပင်မြို့နယ်အတွင်း ကွမ်းရွက်

အရောင်းအဝယ်လုပ်ကိုင်နေသည့် လက်ကြီးသမားတစ်ဦးက ပြောပါတယ်။

ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကွမ်းရွက်တစ်ပိဿာ အမြင့်ဆုံးဈေး ကျပ်ခုနှစ်ထောင်သာရှိခဲ့ရာမှ စိုက်ပျိုးစရိတ်၊ အထွေထွေကုန်ကျစရိတ်၊ သယ်ယူစရိတ်ကြီးမြင့်လာခြင်းကြောင့် ယခုကဲ့သို့ ငါးနှစ်အတွင်း ဆယ်ဆနီးပါးထိ ဈေးတက်လာခြင်းဖြစ်ကြောင်း သိရပါတယ်။

Source : https://opinionleadersmedia.com/

## ပျားလိမ္မော် ဈေးတက်ပြီး ပစ္စည်းရှားနေ




သစ်သီးဈေးကွက်အတွင်း ရှမ်းမြောက်ဒေသထွက်ပျားလိမ္မော်များဈေးတက်ပြီးပစ္စည်းရှားပါးမှုဖြစ်ပေါ်နေကြောင်း မန္တလေးမြို့အခြေစိုက်သစ်သီးကုန်သည်များထံက သိရပါတယ်။

တရုတ်နိုင်ငံဘက်က တင်သွင်းမှုရပ်ဆိုင်းလိုက်ပြီးနောက်ပိုင်း ပုံမှန်အရောင်းအဝယ်ဖြစ်နေကျ ဈေးထက်မြင့်တက်သွားပြီး ပစ္စည်းရှားပါးမှုဖြစ်ပေါ်နေခြင်းဖြစ်တယ်လို့ သိရပါတယ်။

“တရုတ်ဘက်က ပန်းသီးနဲ့ ပျားလိမ္မော်တင်သွင်းမှုရပ်လိုက်တော့ ဒီဘက်မှာ အဆင်မပြေမှုတွေဖြစ်သွားတယ်၊ ပန်းသီးတော့အခြေအနေကောင်းသေးတယ်၊ပျားလိမ္မော်ကတော့ ဈေးတွေထိုးတက်ကုန်တယ်၊ တချို့ဒိုင်တွေပစ္စည်းမရလို့ ထိုင်နေရတယ်”လို့ကုန်သည်တစ်ဦးက ပြောပါတယ်။

မြန်မာနိုင်ငံဘက်က နယ်စပ်မှကုန်စည်တင်သွင်းမှုများအား တရားမဝင်ကုန်စည်အဖြစ်တားဆီးပိတ်ပင်လိုက်ပြီးနောက် တရုတ်နိုင်ငံဘက်ကလည်း ပန်းသီးနှင့်ပျားလိမ္မော်တင်သွင်းမှုကိုရပ်ဆိုင်းလိုက်ရာမှ ပြည်တွင်း၌ ပျားလိမ္မော်ဈေးမြင့်တက်ပြီး ပစ္စည်းရှားပါးမှုနှင့်ပါကြုံတွေ့နေရခြင်း ဖြစ်ပါတယ်။

ယခင်က ပြည်တွင်း၌ရောင်းချနေသည့်ပျားလိမ္မော်ဈေးကွက်တွင် တရုတ်နိုင်ငံထွက်ကုန်နှင့် ရှမ်းပြည်မြောက်ပိုင်း သီပေါဒေသထွက်ကုန်ဟူ၍နှစ်မျိုးနှစ်စားရှိခဲ့ပြီးလက်ရှိတွင်ပြည်တွင်းထွက်ကုန်တစ်မျိုးတည်းသာရောင်းချနေရခြင်းလည်း ဖြစ်ပါတယ်။

မန္တလေးသစ်သီးဈေးကွက်အတွင်း ယမန်နှစ်ကုန်ပိုင်းကအထိ လက်လီဈေး တစ်ကီလို(၁၂ လုံးဝန်းကျင်ပါ)လျှင် တစ်သောင်းကျပ်အောက်ဈေးရှိခဲ့သည့် ပျားလိမ္မော်သည် လက်ရှိတွင် ၁၂,၀၀၀ကျပ်မှ ၁၅,၀၀၀ကျပ်ကြား ဈေးပေါက်နေကြောင်း သိရပါတယ်။

**Source : https://opinionleadersmedia.com/**

## မြိတ်ဒေသတွင် တစ်နိုင်တစ်ပိုင် အလှပင်၊ ပန်းပင်လုပ်ငန်းများတိုးတက်လာ



တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်သည် ရေထွက်လုပ်ငန်းအပြင် ဒေသထွက်ကုန်လုပ်ငန်းများ၊ စိုက်ပင်များနှင့် သဘာဝပေါက်ပင်များဖြင့် ကျော်ကြားလျက်ရှိရာမှ အိမ်တွင်းတစ်နိုင်တစ်ပိုင်စိုက်ပျိုးသောပန်းအလှပင်များလည်းစိုက်ပျိုးလာခဲ့သည်။

ယခုအခါ အိမ်တွင်းစိုက်ပျိုးသော အလှပန်းပင်များသည် ဒေသတွင်စီးပွားရေးလုပ်ငန်းအဖြစ် ကျော်ကြားလာခဲ့ပြီး ပိုက်ဆံ

ချမ်းသာသူများနှင့် အိမ်ရှေ့များတွင် အလှထားရန် ပန်းအလှ စိုက်ပျိုးသူများထံမှ ဝယ်ယူ၍ ဆောင်ရွက်လျက်ရှိသည်။

မြိတ်ဒေသတွင် အလှပင်၊ပန်းပင်များကိုအသုံးပြု၍အိမ်အလှဆင်၊ ကျွန်းအလှဆင်လုပ်ငန်းအဖြစ် အောင်မြင်စွာ တာဝန်ယူ၍ဆောင်ရွက်ကြသည်အထိရှိလာခဲ့ပြီး အိမ်တော်တော်များများတွင် အလှပန်းအိုးထားခြင်းများရှိလာခဲ့ကြသည်။

မြို့တွင်သာမက ကျေးရွာများနှင့် ကျွန်းတွင်ပါ ဆောင်ရွက်ပေးလျက်ရှိပြီး အိမ်များတွင် လှေကားတက်၊ အိမ်အရှေ့၊ ဧည့်ခန်းများနှင့် စားပွဲများတွင်ထားရန်နှင့် ကျွန်းများတွင် ပတ်ဝန်းကျင်အလှပန်းများနေရာချခြင်း၊ ပုံစံဖော်ပေးခြင်း အပင်ဒီဇိုင်းဖော်ရန် ဆောင်ရွက်ပေးခြင်းများရှိပြီး အပင်၊ ပန်းအလှအမျိုးမျိုးပေါ်မူတည်၍ ဈေးနှုန်းကွဲပြားလျက်ရှိကြောင်းသိရသည်။

ပန်းအိုးနှင့်ပန်းအလှပေါ်မူတည်၍ ဈေးနှုန်းကွဲပြားလျက်ရှိရာ ပျိုးပင်ကိုလည်း ဝယ်ယူနိုင်ကြောင်းသိရသည်။

မြိတ်ဒေသတွင်အသုံးများသောပျိုးပင်တစ်ပင်လျှင် ၅၀၀၀ကျပ်မှ၁၀,၀၀၀ကျပ်ထိရှိပြီး အပင်ကြီးတစ်ပင်လျှင် ၄၀,၀၀၀ ကျပ်မှ ၃၀၀,၀၀၀ ကျပ်ရှိကြောင်း မြိတ်ဒေသတွင် အိမ်တွင်းအလှဆင်လုပ်ငန်းမှ သိရသည်။

**Source : DOCA(တနင်္သာရီ)**

## ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာနသည် ကျွဲကောနှင့်သရက်သီးမျိုးစိတ်အားလုံးကို ဂျပန်နိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိ

ထိုင်းနိုင်ငံ၊ စိုက်ပျိုးရေးနှင့် သမဝါယမဝန်ကြီးဌာနသည် ကုန်သွယ်မှုပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်လျက်ရှိပြီး ထိုင်းကျွဲကောနှင့် သရက်သီးမျိုးစိတ်အားလုံးကို ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ရေး မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း NBT World သတင်းတွင်ဖော်ပြထားသည်။

စိုက်ပျိုးရေးနှင့်သမဝါယမဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Winarot Sapsongsuk သည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ဂျပန်နိုင်ငံ၊ Mie စီရင်စုဒုတိယအုပ်ချုပ်ရေးမှူး Yukitoshi Noro နှင့်တွေ့ဆုံခဲ့ပြီး ဂျပန်နိုင်ငံ၏ အဓိကစိုက်ပျိုးရေးနှင့် အစားအစာထုတ်လုပ်ရာဒေသဖြစ်သည့် Mie စီရင်စုနှင့် ဆက်ဆံရေးခိုင်မာစေရန် အခွင့်အလမ်းတစ်ရပ်ဖြစ်ကြောင်း၊ ဂျပန်-ထိုင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက် (JTEPA)နှင့် ဘက်စုံမဟာဗျူဟာမိတ်ဖက်ဆက်ဆံရေး(CSP) ကဲ့သို့သော ရှိရင်းစွဲ အမျိုးသားမူဘောင်များနှင့် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ကုန်သွယ်မှုနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှု ကျယ်ပြန့်လာစေရန် စီရင်စုအဆင့်ပူးပေါင်းဆောင်ရွက်မှုကို အလေးပေးပြောကြားခဲ့သည်။

Mie၏ဒုတိယအုပ်ချုပ်ရေးမှူးက ဂျပန်သို့သစ်သီးများတင်ပို့ရောင်းချခြင်းအတွက် ဈေးကွက်ချဲ့ထွင်ရန်အပြုသဘောဆောင်သောနည်းလမ်းအဖြစ် ဝန်ကြီးဌာနက ယူဆထားသည့် သစ်သီးဖလှယ်ရေးအစီအစဉ်ကို အဆိုပြုခဲ့ကြောင်း၊ သက်ဆိုင်ရာဌာနများမှ နည်းပညာပိုင်းဆိုင်ရာနှင့် လုပ်ငန်းဆောင်ရွက်မှုအသေးစိတ်အချက်အလက်များကို ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊လယ်ယာထွက်ကုန်များမြှင့်တင်ရန်နှင့် နယ်စပ်ကုန်သွယ်ရေးလွယ်ကူချောမွေ့စေရန် နှစ်ဖက်စလုံးက အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပြီး၊ Mie မှ လိမ္မော်သီး၊ ထိုင်းကျွဲကောနှင့် သရက်သီးမျိုး စိတ်အားလုံးတို့ကို အဓိကထားဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြကြောင်း၊ ထိုင်းကျွဲကောနှင့် သရက်သီးများကို အနာဂတ်တွင် ဂျပန်ဈေးကွက်သို့ ပို့ဆောင်နိုင်ရန် အမျိုးသားအောင်မြင်မှုများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် အဆင်သင့်ရှိကြောင်း Mie စီရင်စုမှ ထုတ်ဖော်ပြောကြားခဲ့သည်။

**Source: NBTWorld**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## ဂျုံထွက်ကုန်များတင်ပို့မှု သုံးနှစ်ကြာပိတ်ပင်ထားရာမှ အိန္ဒိယအစိုးရ ပြန်လည်ခွင့်ပြု



သုံးနှစ်ကျော်ကြာ ကန့်သတ်ထားသည့် ပိတ်ဆို့မှုများကို ဖြေလျှော့ပေးခြင်းနှင့် ဂျုံအထွက်နှုန်းမြင့်တက်မှုမှသည် ပြည်တွင်းထုတ်လုပ်မှု ပိုလျှံလာနိုင်သည်ဆိုသည့် မျှော်မှန်းချက်များကြောင့် အိန္ဒိယအစိုးရသည်ဂျုံထွက်ကုန်အချို့အား ပြည်ပတင်ပို့မှုကို ပြန်လည်ခွင့်ပြုလိုက်ကြောင်း သိရသည်။

ကမ္ဘာ့ဒုတိယအကြီးဆုံး နံ့စားသီးနှံထုတ်လုပ်သည့် အိန္ဒိယနိုင်ငံသည် ရွှေကြည်မှုန့်ကဲ့သို့သော အခြားဂျုံနှင့်ဆက်စပ်သည့် ထုတ်ကုန်များအပါအဝင် ဂျုံမှုန့် တန်ချိန် ၅၀၀,၀၀၀ ကို တင်ပို့ထားကြောင်း ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် နိုင်ငံခြားကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ညွှန်ကြားချက်တွင် ဖော်ပြထားသည်။

ယနေ့အထိ ဂျုံတင်ပို့မှုသည် တစ်ကြိမ်တည်း သတ်မှတ်ပေးအပ်သည့် အထူးခွင့်ပြုချက်ပမာဏသာဖြစ်ပြီး သီးသန့်ခွဲတမ်းအဖြစ်ထားရှိပြီး၊ တင်ပို့ မှုကန့်သတ်ချက် အစီအမံများသည်လည်း အသက်ဝင်ဆဲဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်၊ မေလက ကန့်သတ်ထားသည့် ပြည်ပတင်ပို့မှုအချို့ကို ပြန်လည်စတင်ရန် အိန္ဒိယအစိုးရ၏ ဆုံးဖြတ်မှုသည် အမေရိကန်နှင့် ကုန်သွယ်မှုဆွေးနွေးမှုများပြုလုပ်နေချိန်တွင် အချိန်ကိုက် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်းသိရသည်။

နှစ်နိုင်ငံတင်းမာမှုများကို ဖြေလျှော့ရန် ကြိုးပမ်းနေစဉ် ဝါရှင်တန်အနေဖြင့် နယူးဒေလီ၏ စိုက်ပျိုးရေးကဏ္ဍကို ဖွင့်လှစ်ရန် အားထုတ်လျက်ရှိပြီး အမေရိကန်၏ လယ်ယာထွက်ကုန်များအား ဈေးကွက်ပိုမိုရရှိရန် ကူညီပေးလျက်ရှိကြောင်း သိရသည်။

ငါးနှစ်အတွင်း အကောင်းဆုံးမှတ်သုန်ရာသီဖြစ်ပေါ်ခဲ့မှုကြောင့် အိန္ဒိယသည် အတားအဆီးများကို ယာယီဖြတ်ကျော်နိုင်ခဲ့သည် ဆိုသော်လည်း ပြည်တွင်းစက်ရုံများအနေဖြင့် ပြည်ပဈေးကွက်လိုအပ်ချက်မှ အကျိုးအမြတ်ရရှိရန် အရေးပေါ်တုံ့ပြန်မှု များဆောင်ရွက်ရန်လိုအပ်ကြောင်း သိရသည်။

အိန္ဒိယသည် ဂျုံထုတ်ကုန်များကို ပြည်ပတင်ပို့မှု ပြန်လည်စတင်ရန် စီစဉ်လျက်ရှိကြောင်း နိုဝင်ဘာလထုတ် Bloomberg News ကဖော်ပြထားသည်။

အိန္ဒိယ၏ တစ်စိတ်တစ်ပိုင်း ပြည်ပသို့တစ်ကျော့ပြန် ပြန်လည်တင်ပို့ခြင်းကြောင့် ကမ္ဘာ့ထုတ်လုပ်မှုကို ဦးမော့လာစေပြီး သွင်းကုန်အပေါ် အမှီပြုနေရသည့်အာရှ၊ အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသများအနေဖြင့်ဂျုံထုတ်ကုန်များကို ဈေးနှုန်းသက်သာစွာ ဝယ်ယူရန်အခွင့်အလမ်း ရှိလာနိုင်ကြောင်း သိရသည်။

Source: TheHinduBusinessLine ,January20,2026

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

# STOCK EXCHANGE (26.1.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 26th Jan. 2026

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,615 (Shares) | 49,494,400 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 1 | 8,500 | 33,109,694 | 281,432 |
| MTSH | 00002 | 3,750 | +0 | +0.00% | 3,750 | 3,750 | 3,750 | 504 | 1,890,000 | 38,929,150 | 145,984 |
| MCB | 00003 | 8,100 | +100 | +1.25% | 8,100 | 8,100 | 8,100 | 14 | 113,400 | 10,400,986 | 84,248 |
| FPB | 00004 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 775 | 2,170,000 | 29,664,613 | 83,061 |
| TMH | 00005 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,200 | 7 | 22,700 | 12,823,224 | 41,676 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,600 | 4,121 | 6,594,650 | 19,977,223 | 32,962 |
| AMATA | 00007 | 4,200 | +0 | +0.00% | 4,200 | 4,200 | 4,200 | 10 | 42,000 | 10,497,598 | 44,090 |
| MAEX | 00008 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 2,483 | 7,573,150 | 23,804,946 | 72,605 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 26th Jan. 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 416.75 | +0.56 | +0.13% | 416.19 | 416.75 | 415.66 | 7,915 | 18,414,400 | 8 | 786,058 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 26th Jan. 2026

| Trading Volume | Trading Value |
|---|---|
| 11,743 (Shares) | 53,628,400 (MMK) |

## Main Board

As of 1:00 pm, 26th Jan. 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 11,615 (Shares) | 49,494,400 (MMK) |

| MYANPIX | 416.75 ▲0.56 |
|---|---|
| Total Volume (shares) | 7,915 |
| Total Value (MMK) | 18 mil |
| Listed Company | 8 |
| Market Cap. (MMK) | 786,058 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲0 |
| MTSH | 00002 | 3,750 | ▲0 |
| MCB | 00003 | 8,100 | ▲100 |
| FPB | 00004 | 2,800 | ▲0 |
| TMH | 00005 | 3,250 | ▲0 |
| EFR | 00006 | 1,650 | ▲0 |
| AMATA | 00007 | 4,200 | ▲0 |
| MAEX | 00008 | 3,050 | ▲0 |